ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

(ဒုတိယနှစ်စက်ဝန်း)

National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)


## ပူတာအိုမြို့နယ်

၂၀၁၉ ခုနှစ် ကော့နောင်းကျေးရွာ ပမ္မတီးကျေးရွာအုပ်စု

## မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မြို့နယ်မြေပုံ | ၂ |
| ၂ | ကျေးရွာမြေပုံ (တည်နေရာ) | ၃ |
| ၃ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၄ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၄ |
| ၅ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၅ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်များ<br><br>(က) လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၆ |
| | (ခ) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၇ |
| | (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၈-၉ |
| | (ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၀ |
| | (င) ရာသီခွင်ပြပြက္ခဒိန် | ၁၁ |
| | (စ) ဗင်းပုံစံ | ၁၂-၁၃ |
| | (ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ | ၁၄ |
| | (ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး) | ၁၅ |
| | (ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၆ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၁၇ |
| ၈ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၁၈-၂၃ |
| ၉ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၂၄-၂၇ |
| ၁၀ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၈-၃၂ |
| ၁၁ | အစည်းအဝေးမှတ်တမ်းများ | ၃၃ |
| ၁၂ | ကဏ္ဍအလိုက် လုပ်ငန်းအချုပ်ဇယား | ၃၄ |

၁။ မြို့နယ်မြေပုံ



ပူတာအိုမြို့နယ် အခြေပြမြေပုံ
အိန္ဒိယနိုင်ငံ
N
W
E
S
ပူတာအိုမြို့နယ်
ပူတာအိုခရိုင်
ကချင်ပြည်နယ်
စကေး ၁ လက္မ = ၄ မိုင်
မချမ်းဘောမြို့နယ်
တနိုင်းမြို့နယ်
ဆွမ်ပရာဘွမ်မြို့နယ်
ရည်ညွှန်းချက်
၁။ နိုင်ငံတော်နယ်နိမိတ်
၂။ မြို့နယ် နယ်နိမိတ်
၃။ မြို့ / ကျေးရွာခြားနယ်နိမိတ်
၄။ မြို့ / ကျေးရွာအုပ်စု
၅။ မြစ် / ချောင်း

## ၂။ ကျေးရွာမြေပုံ (တည်နေရာ)


ပူတာအိုမြို့နယ်ပမွတီးကျေးရွာအုပ်စုပြမြေပုံ
ပမွတီးကျေးရွာအုပ်စု
ပူတာအိုမြို့နယ်
ပူတာအိုခရိုင်
မန်စေခွန်ကျေးရွာအုပ်စု
မန်စေကျေးရွာအုပ်စု
မချမ်းဘော်မြို့နယ်
နမ်ရှယ်ကော
ကော့နောင်
ဝင်းလုံ
နောင်ယာန်
မလိဆာရုံး
ညီဆာလာဒီ
ရေနီတို
နမ်ရှယ်
မလိခေါမ်
ဝမ်ခွမ်ဒမ်း
ပမွတီး
နမ်ရှယ်ရှီဒီ
ရေဘုဒီ
ကျော်ကျိဒီ
နမ်ရှယ်ခွပ်
နမ်ပလပ်ချောင်း
ဘာမူးလုံကျေးရွာအုပ်စု
ပူတောင်ကျေးရွာအုပ်စု
ဆာရ်ခွမ်ဒမ်းကျေးရွာအုပ်စု
ရည်ညွှန်းချက်
၁။ နိုင်ငံခြားနယ်နိမိတ်
၂။ မြို့နယ်ခြားနယ်နိမိတ်
၃။ ရပ်ကွက်/ကျေးရွာအုပ်စုခြားနယ်နိမိတ်
၄။ ရပ်ကွက်/ကျေးအုပ်စုအုပ်ချုပ်ရေးမှူးရုံး
၅။ ပညာရေးကျောင်း
၆။ ပြည်သူ့ရဲတပ်ဖွဲ့စခန်း
၇။ ဘုန်းကြီးကျောင်း
၈။ ခရစ်ယာန်ဘုရားရှိခိုးကျောင်း
၉။ ကျန်းမာရေးဌာန
၁၀။ ကျေးရွာ
၁၁။ ကပ်စခန်း
၁၂။ ကတ္တရာလမ်း
၁၃။ ကျောက်ခင်းလမ်း/လမ်း
၁၄။ မြစ်/ချောင်း

## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

ပမ္မတီးအုပ်စုတွင် ပါဝင်သော ကျေးရွာများမှာ -

(၁) ပမ္မတီး ကျေးရွာ
(၂) နမ့်ရှယ်ရှီးဒီကျေးရွာ
(၃) နမ့်ရှယ်ကျေးရွာ
(၄) မလီဆားရ်ကျေးရွာ
(၅) မလိခေါင်ကျေးရွာ
(၆) ဂျေဂျီဒီကျေးရွာ
(၇) နမ့်ရှယ်ဖွပ်ကျေးရွာ
(၈) ဝမ်ခွမ်ဒမ်းကျေးရွာ
(၉) ရေနီတိုကျေးရွာ
(၁၀) ညဲဆာလာဒီကျေးရွာ
(၁၁) ဝင်းလုံကျေးရွာ
(၁၂) နမ့်ရှယ်ကော့ကျေးရွာ
(၁၃) ကော့နောင်းကျေးရွာ
(၁၄) နောင်းယန်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ကော့နောင်းကျေးရွာကို ၁၉၈၇ တွင် စတင်တည်ထောင်ခဲ့သည်။ အိမ်ခြေ (၂၀) ခန့်ဖြင့်စတင်နေထိုင်ခဲ့ကြသည်။ ကျေးရွာကို တာဝန်ခံ ဦးဒီးတော်က တာဝန်ယူကာ (၃၁) နှစ်ထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုလက်ရှိ အိမ်ခြေ (၃၁) အိမ်နေထိုင်လျှက်ရှိပါသည်။ ယနေ့ချိန်ထိနေထိုင်လာသည့် သက်တမ်းမှာ (၃၁) နှစ်ရှိပြီဖြစ်သည်။ ၁၉၈၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း ထမ်းဆောင်ခဲ့ကြသော ကျေးရွာတာဝန်ခံများ မှာ ဦးဒီးတော်၊ ဦးဖူဆာ၊ ဦးဝါဆာရဲ့၊ ဦးခီယော်ဆော်ဘော်၊ ဦးဟီလီဒွေ့၊ ဦးအဆီဆဲ၊ ဦးလဲနာဒီး၊ ဦးတီယော် ဟဲ့၊ ဦးဖူမဲဟဲ့၊ ဦးအာခီရဲ့၊ ဦးနောဖောဒီး၊ ဦးကီထီယော်၊ ဦးဟီလီဒွေ့၊ ဦးအားဖူးရဲ့တို့ဖြစ်ကြသည်။ ယခုလက်ရှိ ကော့နောင်းကျေးရွာတွင် အမျိုးသားမှာ (၇၃) ဦး နှင့် အမျိုးသမီးမှာ (၆၆) ဦး၊ စုစုပေါင်း (၁၃၉) ဦးနေထိုင် လျှက်ရှိကြသည်။

မှတ်တမ်းပြုစုသူ -

ဦးဖီးထွေး


(ကျေးရွာတာဝန်ခံ)

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၄.၂.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၄ | ၅ | ၉ | အိမ်များ၊ အခြေခံအဆောက်အဦများ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများနှင့် နယ်နမိတ်များ။ |
| ၂ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၂၄.၂.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၄ | ၅ | ၉ | ကွဲပြားသောလူမှုစီးပွားရေးအမျိုးအစားများ၊ အမျိုးသားနှင့် အမျိုးသမီးများ၏ မတူကွဲပြားသောအသုံးပြုခွင့်နှင့် အရင်းအမြစ်များအပေါ် ထိန်းချုပ်ခြင်း။ |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၄.၂.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၄ | ၅ | ၉ | အမျိုးသမီးများနှင့် အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု (သို့) အရင်းအမြစ်များ၏ ဦးစားပေးများနှင့် လိုအပ်ချက်များကွဲပြားခြားနားခြင်း။ |
| ၄ | ရာသီခွင်ပြပြက္ခဒိန် | ၂၄.၂.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၄ | ၅ | ၉ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်း၊ အစားအစာရရှိမှုများနှင့် ပွဲတော်များ။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၂၄.၂.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၄ | ၅ | ၉ | အမျိုးသားများနှင့် အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ။ |
| ၆ | ဗင်းပုံစံ | ၂၄.၂.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၄ | ၅ | ၉ | ကျေးရွာအတွင်းနှင့်ပြင်ပရှိအဖွဲ့အစည်းများ မည်ကဲ့သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များနှင့် ချိတ်ဆက်လုပ်ကိုင်မှု။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့်တစ်ခုခြင်းစီအတွက်သုံးသပ်ချက်များ

### (က) လူမှုရေးအရင်းအမြစ်ပြမြေပုံ




**လူမှုရေးအရင်းအမြစ်ပြမြေပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ကော့နောင်းကျေးရွာသည် ပမ္မတီးအုပ်စုတွင် တည်ရှိသော ကျေးရွာငယ်လေးတစ်ရွာဖြစ်သည်။ ကော့နောင်းကျေးရွာတွင် အိမ်ခြေစုစုပေါင်း (၃၁) အိမ်ရှိပြီး စုစုပေါင်း လူဦးရေမှာ (၁၃၉) ဦးနေထိုင်ကြ ပါသည်။

ကော့နောင်းကျေးရွာတွင် နေထိုင်ကြသူများသည် ခရစ်ယာန် ဘာသာကို ကိုးကွယ်ကြပြီး ကျေးရွာတွင် ဘုရားရှိခိုးကျောင်း(၁)ကျောင်း ရှိပါသည်။ ကျေးရွာ၏ ပညာဒါနအနေဖြင့် မူကြိုကျောင်း၊ KG ကျောင်းများ ရှိသည်။ အခြေခံအဆောက်အအုံ အနေဖြင့် စာကြည့်တိုက်၊ ဆေးပေးခန်း၊ အစည်းအဝေးခန်းမဆောင်များ မရှိကြောင်း တွေ့ရသည်။


ကျေးရွာလူထု၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်းနှင့် စိုက်ပျိုးရေး လုပ်ငန်းတို့ကို လုပ်ကိုင်လျှက်ရှိကြပါသည်။ တောင်ယာနှင့် အခြားဥယျာဉ်ခြံများ မရှိသည်ကို တွေ့ရသည်။ ကျေးရွာအတွင်း နှင့် အခြားအုပ်စုကျေးရွာများ ဆက်သွယ်သောလမ်းသည် ကျောက်ကြမ်းလမ်းဖြစ်သည်။

**မှတ်တမ်းတင်သူ-**

ဦးဇော်နီဆာ

(လူထုစည်းရုံးရေးမှူး)

**(ခ) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း**




**ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ကော့နောင်းကျေးရွာတွင် အိမ်ထောင်စု (၃၁) အိမ် မှီတင်းနေထိုင်ကြပြီး ဥစ္စာဓနကြွယ်ဝမှုဇယား တွင် ချမ်းသာသောအုပ်စု၊ အလယ်အလတ်အုပ်စု၊ ဆင်းရဲသောအုပ်စုနှင့် နွမ်းပါးသောအုပ်စုဟူ၍ ခွဲခြားထား သည်။


ချမ်းသာသောအုပ်စုတွင် အိမ်ထောင်စု (၄) အိမ်ရှိပြီး ကျေးရွာ၏ (၃၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ ၎င်း ပိုင်ဆိုင်မှုများမှာ ဆန်စက်၊ ကျွဲ၊နွား၊ လယ်ယာခြံမြေ၊ လယ်(၅)ကေအထက်၊ သွပ်မိုး၊ ပျဉ်ခင်းပျဉ်ကာအိမ်များ ပိုင်ဆိုင်ထားကြောင်းတွေ့ရသည်။ အလယ်အလတ်အုပ်စုတွင် အိမ်ထောင်စု (၁၄) အိမ်ရှိပြီး ကျေးရွာ၏ (၁၄) ရာခိုင်နှုန်းဖြစ်ပါသည်။ ၎င်းပိုင်ဆိုင်မှုများမှာ လယ်ထွန်စက်၊ ဆိုင်ကယ်၊ကျွဲ၊ နွား၊ လယ်ယာ၊ အိမ်၊ ခြံ၊ မြေ၊ လယ် (၄) ကေအထက်၊ ဈေးဆိုင်များ ပိုင်ဆိုင်ထားသူများ ဖြစ်ကြသည်။ နွမ်းပါးသောအုပ်စုတွင် အိမ်ထောင်စု (၉) အိမ်ရှိပြီး ကျေးရွာ၏ (၂၉) ရာခိုင်နှုန်းဖြစ်ပါသည်။ ၎င်းပိုင်ဆိုင်မှုများမှာ လယ်၊ ဆိုင်ကယ်၊ အိမ်၊ခြံ၊မြေ၊ ကျွဲ၊ နွားများ ပိုင်ဆိုင်ထားကြောင်းတွေ့ရသည်။ မပြေလည်သော အိမ်ထောင်စု (၄) အိမ်ရှိပြီး ၎င်းပိုင်ဆိုင်မှုများမှာ လယ်၊ အိမ်ခြံမြေ များဖြစ်သည်။ အလွန်နွမ်းပါးရသည့် အကြောင်းအရင်းမှာ ကျပန်းလုပ်ကိုင်စားရခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း တို့ကြောင့်ဖြစ်သည်။


**မှတ်တမ်းတင်သူ-**

ဦးဇော်နီဆာ

(လူထုစည်းရုံးရေးမှူး)

(၈) ပိုင်ဆိုင်မှုသုံးသပ်ခြင်း





**ပိုင်ဆိုင်မှုသုံးသပ်ချက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ကော့နောင်းကျေးရွာ၏ အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုတွင် ကျေးရွာ၏ အရင်းအမြစ်ကို အမျိုးသား၊ အမျိုးသမီး နှစ်ဦးစလုံးသုံးစွဲကြသော အရာများမှာ များပြားလှသည်။ ဥပမာ - စာသင်ကျောင်း၊ ဘုရားကျောင်း၊ တော၊ တောင်၊ လယ်ကွင်း၊ အစည်းအဝေးခန်းမ၊ လမ်း၊ ဆိုင်ကယ် စသည့်တို့ကို သုံးစွဲကြသည်။ အမျိုးသားသုံးစွဲကြသော အရင်းအမြစ်များမှာ ဘောလုံးကွင်း၊ သုံးဘီးကား၊ မော်တော်ကား၊ ဆန်စက်၊ လယ်ထွန်စက်တို့ဖြစ်ကြပြီး အပ်ချုပ်စက် ကို အမျိုးသားများသား သုံးစွဲကြောင်းတွေ့ရသည်။


အရင်းအမြစ်ထိန်းချုပ်မှုနှင့် ပတ်သတ်၍ လယ်ထွန်စက်၊ ဆန်စက်၊ မော်တော်ကား၊ သုံးဘီးကား၊ ဘုရားကျောင်း၊ ဘောလုံးကွင်း၊ စာသင်ကျောင်းတို့ကို အမျိုးသားများ ထိန်းချုပ်ထားကြောင်း၊ အမျိုးသမီးများမှာမူ အပ်ချုပ်စက်ကိုသာ ထိန်းချုပ်ထားကြောင်းတွေ့ရသည်။ အမျိုးသား၊ အမျိုးသမီး နှစ်ဦးစလုံး ထိန်းချုပ်မှုများမှာ လမ်း၊ အစည်းအဝေးခန်းမ၊ လယ်ကွင်း၊ ဆိုင်ကယ်၊ တောတောင်နှင့် စျေးဆိုင်များဖြစ်ကြောင်းတွေ့ရှိရသည်။


**မှတ်တမ်းတင်သူ-**

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

## (ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း





**ပင့်ကူအိမ်သုံးသပ်ချက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**


ကော့နောင်းကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ခြင်းကို ကြည့်ခြင်းအားဖြင့် အမျိုးသားများသည် လုံခြုံမှု၊ ဝင်ငွေရရှိမှု၊ မိသားစုတွင် ဦးဆောင်နိုင်မှု၊ ပညာရေးလက်လှမ်းမီမှု၊ အဖွဲ့အစည်းများတွင်ပါဝင်မှု၊ အရင်းအမြစ်သုံးစွဲမှုတို့တွင် အမျိုးသမီးများထက် အားသာကြောင်းတွေ့ရသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စ ဆောင်ရွက်မှုတွင် အမျိုးသားများထက်အားသာကြောင်းတွေ့ရသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင် အချိန်ကုန်နေကြသည်။ အမျိုးသမီးများသည် ပညာရေးလက်လှမ်းမီမှု၊ အဖွဲ့အစည်းများတွင် ပါဝင်ခွင့်၊ ဝင်ငွေရှာဖွေနိုင်မှု၊ အရင်းအမြစ်သုံးစွဲမှု၊ ဦးဆောင်နိုင်မှုတို့တွင် အားနည်းပြီး အမျိုးသားများသာ လွှမ်းမိုးထား၍ မပြောရဲ၊ မဆိုရဲ၊ ရှေ့မထွက်ရဲ ဖြစ်လျှက်ရှိသည်။ အမျိုးသမီးများအား အဖွဲ့အစည်းကော်မတီများတွင် ပါဝင်စေခြင်းဖြင့် အမျိုးသမီးစွမ်းဆောင်ရည် မြင့်တက်လာပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်လာနိုင်မည်။

**မှတ်တမ်းတင်သူ-**

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

## (င) ရာသီခွင်ပြပြက္ခဒိန်



### ရာသီခွင်ပြပြက္ခဒိန် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

ကော့နေင်းကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းမှာ စိုက်ပျိုးရေးဖြစ်ပြီး အဓိကသီးနှံမှာ ဆန်စပါးဖြစ်ပါသည်။ ကျေးရွာလူထုသည် ဟင်းသီးဟင်းရွက်ကို ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ လုပ်ကိုင်ကြပါသည်။ အာလူးခင်းကို မတ်လတွင်တူးဖော်ကြပြီး ဝင်ငွေရှာဖွေကြသည်။ အားလပ်ချိန်တွင် တောင်ပေါ်တက်၍ သဘာဝဆေးမြစ်များရှာဖွေကြ၍ ဝင်ငွေရှာဖွေကြသည်။ ကြက်၊ဝက်၊ဘဲ၊ ကျွဲ၊နွားများကို လည်း မွေးမြူပြီး ကျွဲ၊နွားများကို အသုံးပြုဖို့ရန် မွေးမြူထားသည်။ ရာသီပွဲတော်များမှာ နှစ်သစ်ကူးပွဲတော်၊ ရှင်ပြုန်ထမြောက်ပွဲ၊ ကောက်သစ်စားပွဲနှင့် ခရစ်စမတ်ပွဲတော်များကို နှစ်စဉ်ကျင်းပလေ့ရှိကြသည်။


ရာသီဥတုအခြေအနေဖြင့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် နှင်းများကျသည်။ မတ်လမှ မေလအထိရာသီဥတုသာယာပြီး ဇွန်လမှ စက်တင်ဘာလများတွင် မိုးများသည်ကို တွေ့ရသည်။ အောက်တိုဘာလနှင့် ဒီဇင်ဘာလများတွင် နှင်းဖွေးများကြပြီး ရာသီဥတုသာယာကြောင်းတွေ့ရသည်။ ဝမ်းစာဖူလုံမှု အနေဖြင့် ကော့နှောင်းကျေးရွာတွင် ဇူလိုင်လနှင့် ဩဂုတ်လများတွင် ဝမ်းစာမဖူလုံကြောင်းနှင့် ကျန်သောလ များတွင် ဝမ်းစာဖူလုံကြောင်း တွေ့ရသည်။ ဝင်ငွေအနေဖြင့် ရာသီအလိုက်ရသော ဝင်ငွေဟူ၍ မရှိပါ။ တောင် ယာ၊ တောထွက်သီးနှံ၊ ခြံထွက်အာလူး၊ ဟင်းသီးဟင်းရွက်များကို ရောင်းဝယ်ခြင်း၊ ကျပန်းအလုပ်၊ နေ့စားအလုပ်များဖြင့်သာ ဝင်ငွေရှာနေကြသည်။ ဝင်ငွေ၊ ထွက်ငွေမညီမှုကြောင်းတွေ့ရသည်။


**မှတ်တမ်းတင်သူ-**

ဦးဇော်နီဆာ

(လူထုစည်းရုံးရေးမှူး)

(စ) ပင်းပုံစံ






**ဗင်းပုံစံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ကော့နောင်းကျေးရွာအတွင်းရှိ အဖွဲ့အစည်းများမှာ ဝေါကွန်ဆန်း၊ ဆေးကော်မတီ၊ ကျောင်းကော် မတီ၊ တိရစ္ဆာန် ကော်မတီ၊ ဘာသာရေးကော်မတီ၊ အုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့ စသည်တို့ ဖြစ်ကြပြီး ကျေးရွာပြင်ပမှ ချိတ်ဆက်လာသော အဖွဲ့အစည်းများမှာ NGO၊ ကျန်းမာရေး၊ ပညာရေး ဌာန၊ မွေးမြူရေးဦးစီးဌာန၊ မြို့နယ်ဘာသာရေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ကျေးလက်ဦးစီး ဌာန စသည်တို့ဖြစ်သည်။


ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိက ပါဝင်ဦးဆောင်ကာ ပြင်ပမှဝင် ရောက်လာသော အဖွဲ့များမှာ NGO၊ ကျန်းမာရေးဌာန၊ ပညာရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဌာနအဖွဲ့ များမှာ အဓိကဖြစ်သည်။

**မှတ်တမ်းတင်သူ-**

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

(ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ



**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

အမျိုးသားနှင့် အမျိုးသမီးတို့၏ တူညီသော အခက်အခဲများမှာ ရွာအဝင် လမ်းမကောင်းသဖြင့် သွားလာရ ခက်ခဲခြင်း၊ ရွာအဝင်တံတားမရှိသဖြင့် သွားလာရန် ခက်ခဲခြင်း၊ ရေကောင်းရေသန့် မရှိ၍ သောက်သုံးရေ ခက်ခဲခြင်း၊ KG ကျောင်းမရှိသဖြင့် ကလေးများပညာသင်ကြားရန် ခက်ခဲခြင်းတို့ဖြစ်သည်။ အမျိုးသားများ သီးသန့်တင်ပြလာသော အခက်အခဲများမှာ KG ကျောင်းခြံစည်းရိုးမရှိ၍ လုံခြုံမှု မရှိခြင်း၊ ရွာချင်းဆက်လမ်း၊ တံတားမကောင်းသဖြင့် သွားလာရန်ခက်ခဲခြင်း၊ KG ကျောင်းဆရာ၊ ဆရာမ မရှိသော ကြောင့် ကလေးများပညာသင်ကြားရာတွင် အခက်အခဲရှိခြင်း၊ ဘောလုံးကွင်း မကောင်း၍ အားကစားလှုပ် ရှားမှုများတွင် အခက်အခဲရှိခြင်း တို့ဖြစ်သည်။


အမျိုးသမီး သီးသန့်တင်ပြထားသော အခက်အခဲများမှာ မူကြိုကျောင်းမရှိသဖြင့် ကလေးများ ပညာသင်ကြားရာတွင် ခက်ခဲခြင်း၊ လယ်တောသွား တံတား မရှိသဖြင့် သွားလာရ ခက်ခဲခြင်း၊ မီးမရှိသဖြင့် ကလေးများ စာကျက်ရန်ခက်ခဲခြင်း၊ ဆေးပေးခန်းမရှိသဖြင့် ကျန်းမာရေးအတွက် ခက်ခဲခြင်းတို့ဖြစ်သည်။

**မှတ်တမ်းတင်သူ-**

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

(ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး)



**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**


ရွာအဝင်လမ်းကောင်းလာပါက သွားလာရေးလွယ်ကူလာမည် ဖြစ်ကြောင်း၊ ရွာအဝင်တံတား တည်ဆောက်လာပါက ချောင်းဖြတ်ကူးရန် လွယ်ကူလာမည်ဖြစ်ကြောင်း၊ သောက်သုံးရေ လုံလောက်စွာရ ရှိရန်၊ ရေတွင်းများတူးဖော်ပြုလုပ်ရန်လိုအပ်ကြောင်း၊ KG ကျောင်းရှိလာပါက ကလေးများ ပညာသင် ကြားရာတွင် လွယ်ကူလာစေမည်ဖြစ်ကြောင်း မျှော်မှန်းထားသည်။ အမျိုးသားများက KG ကျောင်ခြံစည်းရိုး ပြုပြင်လာပါက ကျောင်းတွင်းလုံခြုံမှု ရှိလာမည်ဖြစ်ကြောင်း၊ KG ကျောင်းဆရာ၊ဆရာမများ ရှိလာပါက ဆရာအင်အား လုံလောက်စွာဖြင့် စာသင်နိုင်မည်ဖြစ်ကြောင်း၊ ဘောလုံးကွင်းရှိလာပါက ကျန်းမာရေးလိုက်စားမှုများ အားကောင်းလာမည်ဖြစ်ကြောင်း မျှော်မှန်းထားသည်။ ထို့ပြင် အမျိုးသမီးများက မူကြိုကျောင်းရှိလာပြီး ကလေးများ ပညာသင်ကြားရ လွယ်ကူစေမည်ဖြစ်ကြောင်း၊ လယ်တောသွားလမ်း၊ တံတား ရရှိလာပါက သွားလာရေးအဆင်ပြေလာမည် ဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိလာပါက ကလေးများ စာကျက်ရ လွယ်ကူလာမည် ဖြစ်ကြောင်း၊ ဆေးပေးခန်းရှိလာပါက ကျန်းမာရေး လက်လှမ်းမီလာမည်ဖြစ်ကြောင်း မျှော်မှန်းထားကြသည်။

**မှတ်တမ်းတင်သူ-**

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

(ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ



ဖွံ့ဖြိုးရေးလုပ်ငန်းများ

Date- 22.2.2019

ကော့နှောင်းရွာ

| စဉ် | ဖွံ့ဖြိုးရေးလုပ်ငန်းများ | အဆိုပြုသူ | မဲအရေအတွက် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁။ | ရွာတွင်းသဲကျောက်လမ်း | ကျ+မ | ၅၇ | ၁ |
| ၂။ | ဘောလုံးကွင်းပြုပြင်ခြင်း | ကျ+မ | ၃ | ၇ |
| ၃။ | ဆေးပေးခန်း | ကျ+မ | ၁၃ | ၄ |
| ၄။ | ရေတွင်းတူးဖော်ခြင်း | ကျ+မ | ၁၀ | ၅ |
| ၅။ | K.G ကျောင်းပြုပြင်ခြင်း | ကျ | ၄၅ | ၂ |
| ၆။ | ရွာတွင်းတံတား/ရေမြှောင်း | ကျ+မ | ၇ | ၆ |
| ၇။ | ရွာချင်းဆက်လမ်းပြင်ရန် | ကျ+မ | ၁၅ | ၃ |

**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

အမျိုးသား၊ အမျိုးသမီး နှစ်ဦးစလုံးတင်ပြ အဆိုပြုသောလုပ်ငန်းများမှာ ရွာတွင်းသဲကျောက်လမ်းခင်းခြင်း၊ ဘောလုံးကွင်းပြုပြင်ခြင်း၊ ဆေးပေးခန်းတည်ဆောက်ခြင်း၊ ရေတွင်းတူးဖော်ခြင်း၊ ရွာတွင်းတံတားများရေပြွန်ပိုက်လုံးထည့်ခြင်း၊ ရွာချင်းဆက်လမ်းပြုပြင်ခြင်းတို့ဖြစ်သည်။ အမျိုးသားများ အဆိုပြုသော လုပ်ငန်းများမှာ KG ဆောင်ပြုပြင်ခြင်းတို့ဖြစ်သည်။

**မှတ်တမ်းတင်သူ-**

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ





## ၆။ ကျေးရွာအချက်အလက် (ပုံစံ-၁) ဒုတိယနှစ်စက်ဝန်း

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ(Form PC 1)

| လမ်းညွှန်ချက်။ | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည်<br>ဦး ဖိုး ရွှေ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဦး ကျော်နိုင်ဘာ |
| ပြည်နယ်၊တိုင်းဒေသကြီး<br>ကချင်ပြည်နယ် | မြို့နယ်<br>ပူတာအို | ကျေးရွာအုပ်စု<br>ပမ္မတီး | ကျေးရွာ<br>ကော့ ဇော် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) လီဆူ | ၃၀ | ဘာသာ (၁) ခရစ်ယာန် | ၃၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | [illegible] ဦး | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) | |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁) လီဆူ | ၈၇ | ၇၀ | ၁၅၇ |
| လူမျိုးစု (၂)---------- | | | |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | 30 | 0 | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☑ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီး ကျောင်း | ☐ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ် (ကျေးရွာတွင်နေထိုင်သော သို့ မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာ သည်၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါအတိုင်းဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာ ဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၇ /မသိပါ

(၃)ဤစီမံချကကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာ အဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၅-----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--50 မိနစ်-- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်--1:30-------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

(ဆ)ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ -----မရှိပါ-----

(ဇ) ကျေးရွာတွင်ဖွဲ့ စည်းထားသောအဖွဲ့ အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---------------------------------

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦး စီးဌာန (GAD) မှ မတ်တမ်း တငထ် ားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□မရှိပါ ☑ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | |
| | လက်မှတ် | နေ့ 27-1-2019 |
| လူထုစည်းရုံးရေးမှူး | အမည် | |
| | လက်မှတ် | နေ့စွဲ 27-1-2019 |

## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁) ပထမနှစ်စက်ဝန်း

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ(Form PC 1)

| လမ်းညွှန်ချက်။ | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် ဦး အားမှန် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09452635535 | လူထုစည်းရုံးရေးမှူး၏ အမည် ဦး လှမွေး | |
| ပြည်နယ်၊တိုင်းဒေသကြီး ကချင်ပြည်နယ် | မြို့နယ် ပူတာအို | ကျေးရွာအုပ်စု ပဖွက် | ကျေးရွာ ကော့မှောင်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ကရင်--- | ၃၁ | ဘာသာ (၁) --ခရစ်ယာန် | ၃၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ကရင်--- | ၇၃ | ၆၆ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၉ | ၂ |

၂၇

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်း မာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | မူကြိုကျောင်း | ☐ | | တိုက်နယ်ဆေးရုံ | ☐ | | စေတီ | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီး ကျောင်း | ☐ |
| | မူလွန်ကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | လယ်လွန်ကျောင်း | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | အထက်တန်းကျောင်း | ☐ | | | | | အခြား | ☐ |
| | အခြား | ☐ | | | | | | |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ် (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာ-မှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာ သည်၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါအတိုင်းဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | **မြေသားလမ်း** | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာ ဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ: **ရှိပါသည်**/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် 2010 ခုနှစ် /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာ အဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၅ မိုင် /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် မိနစ် (၁၀) ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား

မိုးရာသီတွင်ကြာချိန် ၁ နာရီ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား

(ဆ)ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ

(ဇ) ကျေးရွာတွင်ဖွဲ့ စည်းထားသောအဖွဲ့ အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ဝေါ်လ်ဗီဇန်

(၂)

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦး စီးဌာန (GAD) မှ မတ်တမ်း တငထ ားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□မရှိပါ □ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးအောင်မျိုးရဲ

လက်မှတ် [signature] နေ့ 18 / 6 / 2018

လူထုစည်းရုံးရေးမှူး အမည် ဦး လှမြွေး

လက်မှတ် [signature] နေ့စွဲ 18 / 6 / 2018

၂၄

## ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ဒုတိယနစ်စက်ဝန်း

ပုံစံ - စ -၂ -စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ဇော်နိုင်ဘာ | | | |
| နေ့စွဲ 22. 2. 2019 | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - ပူတာအို | ကျေးရွာအုပ်စု ပဖွတ်ဘိ | ကျေးရွာ ကော့ဒွာင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | အိမ် | အိမ် |
|---|---|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံး သည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့်လူမျိုးစုအမည် | ထောင်စု ပေါင်း | ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 22.2.2019 | 22.2.2019 | 7 | 14 | 21 | လီဆူ = 20၊ ကချင် = 1 | 30 | 70% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 22.2.2019 | 22.2.2019 | 7 | 14 | 21 | လီဆူ = 20 ကချင် = 1 | 30 | 70% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 29.3.2019 | 29.3.2019 | 19 | 22 | 41 | လီဆူ = 25၊ ရဝမ် = 9 ဗိုင်းတော = 5၊ ဂျမ်း = 2 | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 30.4.2019 | 30.4.2019 | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့်အစည်းအဝေး | 16.5.2019 | 16.5.2019 | 10 | 9 | 19 | လီဆူ = 19 | 30 | 63.3% |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ~~16.5.2019~~ | ~~16.5.2019~~ | 10 ~~19~~ | 9 | 19 | [illegible] = 19 | 30 | 63.3% |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး အစီအစဉ်ရေးဆွဲခြင်း | 16.5.2019 | 16.5.2019 | 10 | 9 | 19 | [illegible] = 19 | 30 | 63.3% |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | - | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - | | |

## ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ပထမနှစ်စက်ဝန်း

ပုံစံ - ၁ - ၂ -စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး လှဆွေ | | | |
| နေ့စွဲ ၁၈ – ၁၉ . ၆ . ၂၀၁၈ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စကဝန်း (၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - ပူတာအို | ကျေးရွာအုပ်စု ပမူလို | ကျေးရွာ ကော့ဒုတ် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့်လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၈.၆.၂၀၁၈ | ၁၈.၆.၂၀၁၈ | ၂၅ | ၂၂ | ၃၁ | လီဆူ ၄၇ | ၃၁ | ၁၀၀% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၉.၆.၂၀၁၈ | ၁၉.၆.၂၀၁၈ | ၂၀ | ၂၁ | ၃၁ | လီဆူ ၄၁ | ၃၁ | ၁၀၀% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၁.၇.၂၀၁၈ | ၂၀.၇.၂၀၁၈ | ၂၃ | ၂၁ | ၄၄ | လီဆူ + ရဝမ် + ဂုမ်း + ကချင်<br>၃၀ + ၈ + ၄ + ၂ | ၃၁ | ၁၀၀% |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၃၁.၈.၂၀၁၈ | ၆.၉.၂၀၁၈ | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့်အစည်းအဝေး | ၁၇.၉.၂၀၁၈ | ၁၇.၉.၂၀၁၈ | ၂၀ | ၁၈ | ၃၈ | လီဆူ | ၃၁ | ၁၀၀% |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး အစီအစဉ်ရေးဆွဲခြင်း | ၁၃.၉.၂၀၁၈ | ၁၃.၉.၂၀၁၈ | ၂၀ | ၁၈ | ၃၈ | [illegible] ၃၈ | ၃၁ | ၁၀၀% |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၃.၉.၂၀၁၈ | ၁၃.၉.၂၀၁၈ | ၂၀ | ၁၈ | ၃၈ | [illegible] ၃၈ | ၃၁ | ၁၀၀% |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၁၃.၉.၂၀၁၈ | ၁၃.၉.၂၀၁၈ | ၂၀ | ၁၈ | ၃၈ | [illegible] ၃၈ | ၃၁ | ၁၀၀% |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၆.၁၁.၂၀၁၈ | ၂၆.၁၁.၂၀၁၈ | ၁၇ | ၁၁ | ၂၈ | [illegible] ၂၈ | ၃၁ | ၉၀% |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၁၇.၁၀.၂၀၁၈ | ၁၇.၁၀.၂၀၁၈ | ၁၂ | ၁၄ | ၂၆ | [illegible] ၂၆ | ၃၁ | ၈၄% |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၂၃.၁၀.၂၀၁၈ | ၁၇.၁၀.၂၀၁၈ | ၁၀ | ၁၃ | ၂၃ | [illegible] ၂၃ | ၃၁ | ၇၄% |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | ၂၇.၁၀.၂၀၁၈ | ၂၇.၁၀.၂၀၁၈ | ၁၄ | ၁၆ | ၃၀ | [illegible] ၃၀ | ၃၁ | ၉၇% |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၃၀.၁၀.၂၀၁၈ | ၃၀.၁၀.၂၀၁၈ | ၁၃ | ၁၀ | ၂၃ | [illegible] ၂၃ | ၃၁ | ၇၄% |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၂၆.၁၁.၂၀၁၈ | ၂၆.၁၁.၂၀၁၈ | ၁၇ | ၁၁ | ၂၈ | [illegible] ၂၈ | ၃၁ | ၉၀% |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ဒုတိယနှစ်စက်ဝန်း

### ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ကျော်နိုင်ဘ | | | |
| နေ့စွဲ 22. 2. 2019 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ကချင် | မြို့နယ်<br>ပူတာအို | ကျေးရွာအုပ်စု<br>ပန္တိုး | ကျေးရွာ<br>ကော့နောင်း |

**က။** အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ရွာအဝင် တံတား မရှိပါသဖြင့် သွားလာရန် ခက်ခဲသည်။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| KG ကျောင်း ဖွင့်ခွင့်ကို မရရှိ၍ ခက်ခဲမှု ရှိသည်။ | ☑ ကျား ☐ မ ☐ ကျား+ မ |
| ဘော်လုံးကွင်း မကောင်း၍ ကစားရန် ခက်ခဲသည်။ | ☑ ကျား ☐ မ ☐ ကျား+ မ |
| မီး မရှိသဖြင့် ကလေးများ စာကျက်ရန် အခက်အခဲဖြစ်သည်။ | ☐ ကျား ☑ မ ☐ ကျား+ မ |
| လယ်တောသွား လမ်း တံတား မရှိ၍ သွားလာရခက်ခဲသည်။ | ☐ ကျား ☑ မ ☐ ကျား+ မ |
| မူကြို ဆရာမ သင်တန်းများ မရှိသဖြင့် ကလေးများ သင်ကြားပေးရန် အခက်အခဲ ရှိသည်။ | ☐ ကျား ☑ မ ☐ ကျား+ မ |
| လယ်ယာမြေများ မြေဩဇာ မကောင်းသဖြင့် စပါး အထွက်နှုန်း ကျဆင်း၍ လယ်သမားများ အခက်အခဲရှိသည်။ | ☑ ကျား ☐ မ ☐ ကျား+ မ |
| အမျိုးသမီးများသည် ချက်ပြုတ်သင်တန်းများ မရှိသဖြင့် မြို့သို့ အထည်များ သွားအပ်ရသည် အခက်အခဲရှိသည်။ | ☐ ကျား ☑ မ ☐ ကျား+ မ |
| ရွာအဝင်လမ်း မကောင်းသဖြင့် သွားလာရန် ခက်ခဲသည်။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| KG ကျောင်းမရှိသဖြင့် ကလေးများ ပညာ သင်ကြားရန် အခက်အခဲရှိသည်။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| ရွာချိုင့်ဆက်လမ်း တံတား မကောင်း၍ သွားလာရန် ခက်ခဲသည်။ | ☑ ကျား ☐ မ ☐ ကျား+ မ |
| ဆေးပေးခန်း မရှိသဖြင့် အခက်အခဲဖြစ်သည်။ | ☐ ကျား ☑ မ ☐ ကျား+ မ |
| ရေလုံလောက်မှု မရှိသဖြင့် အခက်အခဲဖြစ်သည်။ | ☐ ကျား ☐ မ ☑ ကျား+ မ |

၁။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|
| ရွာအဝင်တံတား ရှိလာသဖြင့် သွားလာရန် လွယ်ကူလာမည်။ | ☐ ကျား ☐ မ ☑ ကျား + မ |
| KG ကျောင်း ဖွင့်ခြင်းကြောင့် [illegible] ရှိလာမည်ကို မျှော်မှန်းပါသည်။ | ☑ ကျား ☐ မ ☐ ကျား + မ |
| ဘက်လုံးကွင်း ပြုပြင်လာပြီး ကျန်းမာရေး လိုက်စားမှုအား ကောင်းလာမည်။ | ☑ ကျား ☐ မ ☐ ကျား + မ |
| မီး ရရှိလာသဖြင့် ကလေးများ စာကျက်၊ ရေးလာရာတွင် အဆင်ပြေလာမည်။ | ☐ ကျား ☑ မ ☐ ကျား + မ |
| လယ်ကောသွားလမ်း တံတား ရှိလာသဖြင့် လယ်ကော သွားရန် လွယ်ကူလာမည်။ | ☐ ကျား ☑ မ ☐ ကျား + မ |
| မူကြို ဆရာမ သင်တန်း ရရှိလာက ကလေးများကို သင်ကြားပေးနိုင်လိမ့်မည်ဟု မျှော်မှန်းပါသည်။ | ☐ ကျား ☑ မ ☐ ကျား + မ |
| လယ်ယာ မြေများ မြေဩဇာ ထောက်ပံ့ပေးခြင်းဖြင့် စပါး အထွက်နှုန်း တိုးတက်လာမည်ဟု မျှော်မှန်းပါသည်။ | ☑ ကျား ☐ မ ☐ ကျား + မ |
| အမျိုးသမီးများသည် စက်ချုပ်သင်တန်း ရရှိလာက အပို ဝင်ငွေ ရရှိလာမည်။ | ☐ ကျား ☑ မ ☐ ကျား + မ |
| ရွာအဝင် လမ်းခင်းခြင်းဖြင့် သွားလာရ လွယ်ကူလာမည်။ | ☐ ကျား ☐ မ ☑ ကျား + မ |
| KG ကျောင်း ရှိလာသဖြင့် ကလေးများ ပညာသင်ကြားရာတွင် လွယ်ကူလာမည်။ | ☐ ကျား ☐ မ ☑ ကျား + မ |
| ရွာချိတ်ဆက်လမ်း တံတား ကောင်းလာသဖြင့် သွားလာရ လွယ်ကူလာမည်။ | ☑ ကျား ☐ မ ☐ ကျား + မ |
| ဆေးပေးခန်း ရှိလာသဖြင့် ကျန်းမာရေး လက်လှမ်းမှီမှု ရှိလာမည်။ | ☐ ကျား ☑ မ ☐ ကျား + မ |
| ရေလုံလောက်မှု ရှိလာသဖြင့် ရေရှားပုံ လာမည်။ | ☐ ကျား ☐ မ ☑ ကျား + မ |

၈။ လူထုစီမံကိန်း၏ လာမည့်( ၄ )နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစားပေး အဆင်သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာတွင်း သံကျောက်လမ်း ခင်းခြင်းနှင့် ရေထွက်ပေါက် [illegible] တည်ဆောက်ခြင်း | ကျ/မ | လမ်း၊ တံတား | ၁ | ၅၃၆၀၀၀၀ | 87 | 70 | 157 |
| ၂ | KG ကျောင်း ပြုပြင်ခြင်း | က | ပညာရေး | ၂ | 2100000 | 87 | 70 | 157 |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃ | ရွာချင်းဆက်လမ်း ပြုပြင်ခြင်း | က+မ | လမ်း တံတား | ၃ | ၉၀သိန်း | 87 | 70 | 157 |
| ၄ | ဆေး ပေး ခန်း | က+မ | ဆေး ပေးခန်း | ၄ | ၆၀သိန်း | 87 | 70 | 157 |
| ၅ | ရေတွင်းတူး ဖော်ခြင်း | က+မ | ရေရရှိရေး | ၅ | 600000 | 87 | 70 | 157 |
| ၆ | ရေမြောင်းတည်ဆောက် ခြင်း | က+မ | လမ်း တံတား | ၆ | 1000000 | 87 | 70 | 157 |
| ၇ | KG ကျောင်း ခြံစည်းရိုး ကာခြင်း | က+မ | ပညာရေး | ၇ | 9000000 | 87 | 70 | 157 |
| ၈ | ဘောလုံး ကွင်း ပြုပြင် ခြင်း | က | အခြား | ၈ | 500000 | 87 | 70 | 157 |
| ၉ | မီး ရရှိရေး | မ | မီးလင်းရေး | ၉ | 600000 | 87 | 70 | 157 |
| ၁၀ | လယ်တောသွားလမ်း တံတား ပြုပြင်ခြင်း | မ | လမ်း တံတား | ၁၀ | 2000000 | 87 | 70 | 157 |
| ၁၁ | | | | | | | | |
| ၁၂ | | | | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မူကြို ဆရာမ သင်တန်း | မ | ပညာရေး |
| ၂ | မြေဩဇာထောက်ပံ့ခြင်း | က | အခြား |
| ၃ | စက်ချုပ် သင်တန်း | မ | အခြား |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ဦး ... ----------------- လက်မှတ် [signature] ----------------- နေ့စွဲ 22. 2. 2019

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ပထမနှစ်စက်ဝန်း

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3)

| လမ်းညွှန်ချက်။ | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးလှမြ | | | |
| နေ့စွဲ စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) | □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကချင် | မြို့နယ် ပူတာအို | ကျေးရွာအုပ်စု ဖလွှာ | ကျေးရွာ ကော့နှင် |

က။အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း-ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကအခက်အခဲအတားအဆီးများသည်မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ချောင်းကူးတံတား မရှိပါသဖြင့် သွားလာရန် ခက်ခဲသည်။ | ၁ | ချောင်းကူးတံတား မရှိပါသဖြင့် သွားလာရန် ခက်ခဲသည်။ |
| ၂ | ချောင်းကူးတံတားနှင့် ချောင်းဖြတ်လမ်း မကောင်းသဖြင့် သွားလာရန် ခက်ခဲသည်။ | ၂ | ချောင်းကူးတံတားနှင့် ချောင်းဖြတ်လမ်း မကောင်းပါသဖြင့် သွားလာရန် ခက်ခဲသည် |
| ၃ | KG ကျောင်း မကောင်းသဖြင့် ကလေးများ ပညာသင်ကြားရေး ခက်ခဲသည်။ | ၃ | မူလတန်းကျောင်း မရှိပါသဖြင့် ပညာသင်ကြားရာတွင် ခက်ခဲသည်။ |
| ၄ | ရေကောင်းရေသန့် မရှိ၍ ကောင်းကောင်း ရေသောက်ရ ခက်ခဲသည်။ | ၄ | ရေကောင်းရေသန့် မရှိပါသဖြင့် ခက်ခဲမှုရှိသည်။ |
| ၅ | KG ကျောင်း ဖွင့်ရန်ဆရာ မကောင်းသဖြင့် ပညာသင်ကြားရာတွင် ခက်ခဲသည်။ | ၅ | ကျေးလက်ဆေးခန်း မရှိပါသဖြင့် ကျန်းမာရေး ဖြစ်သည်။ |
| ၆။ | မူလတန်းကျောင်း မရှိသဖြင့် ကလေးများ ပညာရေး ... ရေး ခက်ခဲသည်။ | ၆။ | KG ကျောင်း မကောင်းသဖြင့် ကလေးများ ပညာသင်ကြားရာတွင် ခက်ခဲသည်။ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီး အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ချောင်းကူးတံတား ရှိလာသဖြင့် သွားလာရေး လွယ်ကူလာမည်။ | ၁ | ချောင်းကူးတံတား ရှိလာသဖြင့် သွားလာရေး လွယ်ကူလာမည်။ |
| ၂ | KG ကျောင်း ကောင်းလာသဖြင့် ကလေးများ ပညာသင်ကြားရာတွင် အဆင်ပြေလာမည်။ | ၂ | ချောင်းကူးတံတားနှင့် ချောင်းဖြတ်လမ်း ကောင်းလာသဖြင့် သွားလာရန် လွယ်ကူလာမည်။ |
| ၃ | ရေကောင်းရေသန့် ရရှိလာသဖြင့် ကောင်းကောင်း ရေသောက်ရ အဆင်ပြေလာမည်။ | ၃ | မူလတန်းကျောင်း ရှိလာသဖြင့် ကလေးများ ပညာရေး မြင့်တက်လာမည်။ |
| ၄ | ချောင်းကူးတံတားနှင့် ချောင်းဖြတ်လမ်း ကောင်းလာသဖြင့် သွားလာရေး လွယ်ကူလာမည်။ | ၄ | ရေကောင်းရေသန့် ရရှိလာသဖြင့် ကောင်းကောင်း ရေသောက် အဆင်ပြေလာမည်။ |
| ၅ | KG ကျောင်း ဖွင့်ရန်ဆရာ ရှိလာသဖြင့် ပညာသင်ကြားရာတွင် အဆင်ပြေလာမည်။ | ၅ | ကျေးလက်ဆေးခန်း ရှိလာသဖြင့် ကျန်းမာရေး ဖြစ်လာမည်။ |
| ၆။ | မူလတန်းကျောင်း ရှိလာသဖြင့် ကလေးများ ပညာရေး မြင့်တက်လာမည်။ | ၆။ | KG ကျောင်း ကောင်းလာသဖြင့် ကလေးများ ပညာသင်ကြားရာတွင် အဆင်ပြေလာမည်။ |

21

ဂ။ လူထုစီမံကိန်း ၏ လာမည့် ( ၄နှစ်)အတွင်းအကျုံးဝင်သောဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ အမျိုးသားများ / အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့် မှန်းခြေအရေ အတွက် |
|---|---|---|---|---|
| ၁ | ဘုရားဝင်းတံတား ဆောက်လုပ်ခြင်း | (ကျ+မ) | ၇၀၀၀၀၀၀ | ၁၃၉ |
| ၂ | ဘုရားလမ်း နှင့် ဘုန်းကြီးလမ်း မြှင့်ခြင်း | (ကျ+မ) | ၃၉၀၀၀၀၀ | ၁၃၉ |
| ၃ | KG ကျောင်း မြေဖို့ရေး | (ကျ+မ) | ၃၂၀၀၀၀၀ | ၁၃၉ |
| ၄ | ရေသွယ်ခြင်း | (ကျ+မ) | ၈၉၀၀၀၀၀ | ၁၃၉ |
| ၅ | KG ကျောင်း ဝင်းခြံစည်းရိုးကာခြင်း | (ကျ) | ၄၀၀၀၀၀၀ | ၁၃၉ |
| ၆။ | မူကြိုကျောင်း ဆောက်လုပ်ခြင်း | (မ) | ၄၅၀၀၀၀၀ | |

ဃ။ လူထုစီမံကိန်း၏ လာမည့်(၄)နှစ်အတွက်အကျုံးမဝင်သောဦးစာပေးဖွံ့ ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုး တက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | KG ကျောင်း ဆရာ/မ ငှါးရေး | (ကျ) | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[illegible]--- နေ့စွဲ ---၁၉.၆.၂၀၁၇---

## ၁၁။ အစည်းအဝေးမှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်းမိတ်ဆက်အစည်းအဝေး (ပထမအကြိမ်)

အုပ်စု - ပမ္မတီး ရက်စွဲ - ၂၈.၂.၂၀၁၉

ကျေးရွာ - ဂျေဂျီဒီ

တက်ရောက်သူဦးရေ - ကျား ၈ ဦး၊ မ ၉ ဦး

ရည်ရွယ်ချက်။ ။ပထမအကြိမ်အစည်းအဝေးပြုလုပ်ရန်၊ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ရွေးချယ်ရန် နှင့် ကျေးရွာအချက်အလက် PRA များကိုပြန်လည်ပြင်ဆင်ဆွေးနွေးရန်

အစီအစဉ်အရ။ ။ပထမဦးစွာ စီမံကိန်းဝန်ထမ်းများမှ မိမိကိုယ်ကို မိတ်ဆက်ခဲ့ကြသည်။ ပြီးနောက် မှ ဤစီမံကိန်းကို ကျေးလက်ဦးစီးဌာနမှ လုပ်ပေးသည့် စီမံကိန်းဖြစ်ကြောင်းရှင်းပြခဲ့သည်။ စီမံကိန်းမိတ်ဆက်အချက် (၁၅) ချက်နှင့် စီမံကိန်းစက်ဝန်းအပိုင်း (၆) ပိုင်း၊ အဆင့်(၁၄)ဆင့်အကြောင်းကို လူထုစည်းရုံးရေးမှူးဦးဂျော်နီဆာမှ ပါဝင်ဆွေးနွေး ခဲ့ပါသည်။ စီမံကိန်းမှ ကျားမရေးရာ လိုအပ်ချက် (၆) ချက်နှင့် ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေးစနစ် အကြောင်းအားရှင်းပြပါသည်။ ပြီးနောက်တွင် ဦးဂျော်နီဆာ၊ ဦးမန်ဂျာတန်မင်ရမ်တို့မှ ကျေးရွာ၏ အချက်အလက် PRA များဖြစ်သော လူမှုရေး အရင်းအမြစ်ပြမြေပုံ၊ ရာသီခွင်ပြပြက္ခဒိန်၊ ပင့်ကူအိမ် သုံးသပ်ခြင်း၊ ဗင်းပုံစံ၊ အခက်အခဲ ပြဿနာ၊ ဥစ္စာနေကြွယ်ဝမှု ဇယား စသည့် အချက်အလက်များကို ပြန်လည်ပြင်ဆင်ခဲ့သည်။ ဆွေးနွေးခြင်းနှင့် ဆန်း စစ်ခြင်းပြုလုပ်ပြီးလျှင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မဲပေးပြီး ဦးစားပေးအ ဆင့်သတ်မှတ်ခဲ့သည်။ နောက်ဆုံးတွင် ကျေးရွာ၏တာဝန်ခံဦးဖူးလီကော် မှ ကျေးဇူးတင်စကား ပြောကြားပြီး အစည်းအဝေးကို အောင်မြင်စွာပြုလုပ်ခဲ့ပါ သည်။

**မှတ်တမ်းတင်သူ-**
ဦးဂျော်နီဆာ
(လူထုစည်းရုံးရေးမှူး)

## ၁၂။ ကဏ္ဍအလိုက် လုပ်ငန်းအချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ(အမှန်ခြစ်ရန်) | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့ အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အဦကဏ္ဍ (လမ်း/တံတား/ရေရရှိရေး/ မီးလင်းရေး) | ၁ | ရွာအဝင်တံတား | | | ✔ | | | |
| | ၂ | ရွာတွင်း/ပြင်သဲကျောက်လမ်း၊ | | | ✔ | ၂၀၁၈-၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၃ | ရေသွယ်ခြင်း | | | ✔ | | | |
| | ၄ | ရေတွင်းတူး | | | ✔ | | | |
| | ၅ | ရေပြွန် | | | ✔ | | | |
| | ၆ | မီးရရှိရေး | | ✔ | | | | |
| လူမှုစီးပွားကဏ္ဍ (ပညာရေး/ ကျန်းမာရေးနှင့်ဆိုင်သော အဆောက်အဦများနှင့် အခြားလိုအပ်ချက်များ) | ၁ | KG ကျောင်းပြုပြင်ရေး | | | ✔ | | | |
| | ၂ | KG ခြံစည်းရိုးကာခြင်း | ✔ | | | | | |
| | ၃ | မူကြိုကျောင်းဆောက် | | ✔ | | | | |
| | ၄ | ဆေးပေးခန်း | | | ✔ | | | |
| | ၅ | | | | | | | |
| သက်မွေးဝမ်းကြောင်းကဏ္ဍ (စိုက်ပျိုးရေး/ မွေးမြူရေးနှင့်ဆိုင်သော အဆောက်အဦများ နှင့်အခြားလိုအပ်ချက်များ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေး အန္တရာယ် လျော့ပါးရေး ကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| အခြားကဏ္ဍ (ဌာနဆိုင်ရာများသို့ လွှဲပြောင်း နိုင်ခြင်းနှင့် အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသောလုပ်ငန်းများ) | ၁ | ဘောလုံးကွင်းပြုပြင်ခြင်း | ✔ | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |